NAMI National Alliance on Mental Illness | Education, Training & Peer Support Center

**NAMI ထောက်ပံ့ကူညီရေးအဖွဲ့တွင် ဘေးကင်းလုံခြုံမှုခံစားချက်ကို ဖန်တီးပေးခြင်း**

မည်သည့်ထောက်ပံ့ကူညီရေးအဖွဲ့၏အကျိုးအတွက်မဆို ဘေးကင်းလုံခြုံမှုခံစားချက်ကို ဖန်တီးပေးခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ NAMI ထောက်ပံ့ကူညီရေးအဖွဲ့၏လမ်းညွှန်ချက်များသည် ပါဝင်သူများနှင့် ဦးဆောင်ဆွေးနွေးသူများအတွက် စီမံဖွဲ့စည်းပုံနှင့် ဘေးကင်းလုံခြုံရေးကို ဖော်ဆောင်ရာတွင် အဓိကကျသော အကျိုးသက်ရောက်မှုရှိသည်။ ပါဝင်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်စိတ်နှစ်ဖြာ ဘေးကင်းလုံခြုံရေးကို ထည့်သွင်းစဉ်းစားပေးသည်ဟု ခံစားရစေရန် ကူညီပေးမည့် ထပ်ဆောင်းလမ်းညွှန်ချက်စာရင်းကို အောက်တွင် ဖော်ပြပေးထားသည်။ ဤလမ်းညွှန်ချက်များကို အဖွဲ့လိုက်အစည်းအဝေး၏ အစတွင် သို့မဟုတ် ရိုးရှင်းသောအခြေခံလိုအပ်ချက်ပေါ် မူတည်၍ ဦးဆောင်ဆွေးနွေးသူများက မျှဝေပေးနိုင်သည်။

NAMI ထောက်ပံ့ကူညီရေးအဖွဲ့များတွင် လေးစားမှုရှိပြီး ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီး၍ အားပေးမြှင့်တင်ရန် ပါဝင်တက်ရောက်သူများအား အောက်ပါတို့ကို လိုက်နာပေးရန် တောင်းဆိုအပ်ပါသည်–

1. လက်နက်ကို မှတ်ပုံတင်ထားပြီး ပါဝင်တက်ရောက်သူက ၎င်းကို တရားဝင်ကိုင်ဆောင်ခွင့် ရှိလျှင်ပင် မည်သည့်လက်နက်မျိုးကိုမျှ အဖွဲ့သို့ မယူလာရပါ။

2. NAMI ထောက်ပံ့ကူညီရေးအဖွဲ့အစည်းအဝေး ပြုလုပ်နေစဉ် အပန်းဖြေမူးယစ်ဆေး သို့မဟုတ် အရက်သေစာများကို သုံးစွဲထားခြင်း မရှိရပါ။

3. အဖွဲ့တွင်း၊ အဖွဲ့ပြင်ပနှစ်ရပ်လုံးတွင် ပါဝင်သူများက သတ်မှတ်ထားသော ကိုယ်ရေးကိုယ်တာ စည်းထားကန့်သတ်ချက်များကို လေးစားရမည်။

4. ဘာသာရေးယုံကြည်ချက်များသည် အလွန်ပုဂ္ဂိုလ်ရေးဆန်သောကြောင့် ၎င်းတို့ကို လေးစားမှုရှိရမည်။ ထို့အတွက်ကြောင့် ကိုးကွယ်ယုံကြည်မှုဘာသာသည် NAMI ထောက်ပံ့ကူညီရေးအဖွဲ့၏ စီမံဖွဲ့စည်းပုံတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ရည်ရွယ်ချက်ရှိရှိ မပါဝင်ခြင်းဖြစ်သည်။ ဘာသာရေးယုံကြည်ချက်များ၊ ဆုတောင်းခြင်းနှင့် အခြားသောဘာသာရေးဆိုင်ရာ ဖော်ပြမှုပုံစံများကို NAMI ထောက်ပံ့ကူညီရေးအဖွဲ့ အစည်းအဝေး၏ စီမံဖွဲ့စည်းပုံတွင် ထည့်သွင်းထားခြင်း မရှိပါ။

5. ကျွန်ုပ်တို့သည် အခြားသူ၏ အမြင် သို့မဟုတ် အတွေ့အကြုံများကို နားမလည်လျှင်တောင်မှ လူတစ်ဦးချင်းစီအကြားက လူမျိုးရေးနှင့်ယဉ်ကျေးမှုကွဲပြားချက်များကို လေးစားရမည်။ ပါဝင်တက်ရောက်သူများအနေဖြင့် လူမျိုး၊ ကိုးကွယ်ယုံကြည်မှု ဘာသာ၊ ဓလေ့ထုံးတမ်း၊ အသက်အရွယ်၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် အခြားသောယဉ်ကျေးမှုကွဲပြားခြင်းဆိုင်ရာ အကြောင်းအရာများအပေါ် ဟာသလုပ်ခြင်း သို့မဟုတ် ရိုင်းပျသော မှတ်ချက်များပေးခြင်းတို့ မပြုလုပ်ကြရန် ကျွန်ုပ်တို့ တောင်းဆိုအပ်ပါသည်။

**ဤလမ်းညွှန်ချက်များကို လေးစားလိုက်နာခြင်းဖြင့် ကျွန်ုပ်တို့၏အဖွဲ့ကို ပိုမိုခိုင်မာအောင် အားဖြည့်ကူညီသည့်အတွက် သင့်အား ကျွန်ုပ်တို့ကြိုတင်၍ ကျေးဇူးတင်ရှိပါသည်။**